
# ခလုတ်ထိမှ အမိတ

နှင့်

## သိမှတ်စရာ ပုံပြင်များ



မိုးခွင်းကြယ်
ကာလေးပတ်မိုးမြင်

**ဝင်းဇော်(သုံးဆယ်)**


mgyoe.com

# ခလုတ်ထိမှ အမိတ

နှင့်

သိမှတ်စရာပုံပြင်များ

ဝင်းဇော်(သုံးဆယ်)



မိုးခွင်းကြယ်
စာပေ

WZ0002
1,300.00 KS

mgyee.com

mgyoe.com

စာမူနှင့်အပြင်အဆင်မှုပိုင် – ဦးစန်းဦး

မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော် – ဗိုသံ

ထုတ်ဝေသူ – ဒေါ်အိဝတ်ရည်ထွန်း။
ဂျူတီစာပေ၊ (၀၂၀၇၇)၊ ဓမ္မာရုံလမ်း၊ လှိုင်၊ ရန်ကုန်။
ပုံနှိပ်သူ – ဦးစန်းဦး၊
SKCC PRESS (၀၀၄၁၃)၊ မဂိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဖေဖော်ဝါရီလ၊
ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊

၁၃၀၀ ကျပ်

mgyoe.com

mgyoe.com

# ခလုတ်ထိမှ အမိတနှင့်

## သိမှတ်စရာပုံပြင်များ

ဝင်းဇော်(သုံးဆယ်)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ရန်သူအောင်မှုကြောင်းလေးခု ၁

၂။ ခလုတ်ထိမှ အမိတ ၆

၃။ မိတ်ဆွေယောင်ဆောင်သောရန်သူ ၁၂

၄။ ကြွက်သေတစ်ခုအရင်းပြု ၁၈

၅။ ကျေးဇူးရှိမှ ကျေးဇူးကန်းတတ်သည် ၂၃

၆။ ယာလည်းညက်စေ ကြက်လည်းပန်းစေ ၂၈

၇။ အလိုကြီးအရနည်း ၃၄

၈။ သိကြားနဲ့ အသုရာအားပြိုင်ကြသလို ၃၉

၉။ ဓားကိုဖျက်တော့ ဝါးမျက်၊
လူကိုဖျက်တော့ အရက် ၄၇

၁၀။ ဘုရားကောင်းတော့စင်ခံ၊ လင်ကောင်းတော့စံရ ၅၅


mgyoe.com


mgyoe.com


၁၁။ သူခိုးဓားရိုးကမ်း ၆၀
၁၂။ မင်းမှာသစ္စာ လူမှာကတိ ၆၅
၁၃။ ပညာရှိတွေးကြည့် ပြေးကြည့်တာထက်မှန် ၇၀
၁၄။ ဝဋ်မှာအမြဲ ငရဲမှာအပ ၇၆
၁၅။ ထုံအလွန်းတော့ဖျင်းတယ် ၈၂
၁၆။ အကျင့်သီလ ဘဝတန်ဆာ ၈၈


❖

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## ရန်သူအောင်မှု ကြောင်းလေးခု

ကလေးတို့ရေ–

တစ်ခါတစ်ရံမှာ မိမိကသူတစ်ပါးအပေါ်မှာ မည်သို့မျှသဘော မထားပေမဲ့ မိမိပညာထူးချွန်တာ၊ မိမိအတတ်ပညာ (စက်မှုပညာ၊ လက်မှုပညာ) တတ်ကျွမ်းတာ၊ မိမိ ဥစ္စာပစ္စည်းကြွယ်ဝချမ်းသာတာကို မနာလိုဝန်တိုစိတ်နှင့် အမြဲတမ်းမကောင်းကြံနေတဲ့ ရန်သူဆိုတာမျိုးရှိတတ်တယ်။ အဲဒီအခါမှာ မိမိက ရန်သူရဲ့အန္တရာယ်ကို ဉာဏ်သုံးပြီး ရှောင်ရှားတတ်ဖို့လိုပါတယ်။

ရန်သူကို အောင်မြင်ရာအောင်မြင်ကြောင်း တရားလေးပါးရှိပါတယ်။ အဲဒါတွေက–

(က) ဖြောင့်မတ်တည်ကြည်ခြင်း၊ (ခ) ဉာဏ်ပညာရှိခြင်း၊ (ဂ) လုံ့လဝီရိယရှိခြင်း၊ (ဃ) ပေးကမ်းစွန့်ကြဲခြင်း ဆိုတာတွေပဲ။

mgyoe.com

mgyoe.com


သို့ကြောင့် ရှေးပညာရှိတွေက–

"သစ္စံဓမ္မံ၊ ဝီရိယနှင့်

စာဂဟူသည်၊ ရန်သူအောင်မှု

ကြောင်းလေးခု"

လို့ဆုံးမထားခဲ့ကြတယ်။ အဲဒါနဲ့ ပတ်သက်တဲ့ပုံပြင်လေးတွေကို ကလေးတို့နားလည်အောင် ပြောပြရဦးမယ်။

ဟိုးရှေးရှေးတုန်းက မြစ်ကမ်းနားတစ်ခုအနီးမှာ အင်အားပြည့်ဖြိုးပြီး သန်မာထွားကြိုင်းတဲ့ မျောက်ကြီးတစ်ကောင်နေထိုင်တယ်။ အဲဒီမြစ်ရဲ့ အလယ်မှာ သဘော်၊ သရက်၊ မာလကာ၊ ပိန္နဲစတဲ့ သစ်သီးတွေ သီးနေတဲ့ ကျွန်းတစ်ကျွန်းရှိတယ်။ ထိုကျွန်းနှင့် မျောက်ကြီးနေသော မြစ်ကမ်းအလယ်မှာ ကျောက်ဖျာကြီးတစ်ခုပေါ်ထွန်းနေတယ်။

မျောက်ကြီးက နေ့စဉ် နံနက်အချိန်ရောက်တာနဲ့ မြစ်ကမ်းပါးကနေ ကျောက်ဖျာပေါ်ကိုခုန်တယ်။ ကျောက်ဖျာမှကျွန်းရှိရာကိုခုန်တယ်။ ကျွန်းပေါ်မှာသစ်သီး၊ သစ်ဥတွေကို ရှာဖွေစားသောက်ပြီး ညအချိန်သို့ရောက်မှ သူနေသည့်မြစ်ကမ်းပါးသို့ ပြန်ကူးလာလေ့ရှိတယ်။

အဲဒီမြစ်ထဲမှာ မိချောင်းအဖိုနဲ့ အမတို့လည်းနေထိုင်ကြတယ်။ တစ်နေ့သောအခါမှာ မိချောင်းမက မျောက်ကြီးရဲ့အသည်းနှလုံးကို စားချင်တဲ့ချင်ခြင်းစိတ် ဖြစ်ပေါ်နေတာမို့ မိချောင်းဖိုကိုပြောတယ်။

မိချောင်းဖိုက ညချမ်းအချိန်မှာ မျောက်ကြီးကိုဖမ်းဖို့ ကျောက်ဖျာပေါ်မှာ ငြိမ်ပြီးစောင့်နေတယ်။ မျောက်ကြီးကကျွန်းမှ မြစ်ကမ်းဘက်သို့ ပြန်ရန်လာခဲ့တယ်။ ခုန်ကူးဖို့ကျောက်ဖျာကိုကြည့်တဲ့အခါမှာ ကျောက်ဖျာက သာမန်ထက်မြင့်နေတာကို မျောက်ကြီးကသတိထားမိတယ်။

မြစ်ရေကလည်း အတိုးအလျော့မရှိ။ ဤသို့ဖြစ်လျက် အဘယ့်

mgyoe.com

mgyoe.com


ကြောင့် ကျောက်ဖျာသည် မြင့်တက်နေရသနည်း။ မိချောင်းသည် ငါ့အားစားလို၍စောင့်နေခြင်းသာ ဖြစ်မှာပဲလို့ မျောက်ကြီးကဆင်ခြင်မိတာကြောင့် ကျောက်ဖျာနဲ့စကားဆိုသလိုမျိုး ပြောလိုက်တယ်။

"အို.....ကျောက်ဖျာ၊ ကျောက်ဖျာ"

မိချောင်းကဝပ်ပြီးငြိမ်နေတယ်။ မျောက်ကြီးက သုံးကြိမ်သုံးခါအော်ခေါ်တယ်။ မည်သို့မျှတုံ့ပြန်ခြင်းမရှိတော့မှ.....

"အို....ကျောက်ဖျာ၊ ဒီနေ့ ဘာကြောင့်ငါ့ကို စကားမပြောရတာလဲ" လို့မေးလိုက်တယ်။

မိချောင်းကလည်း မျောက်ကြီးကို ကျောက်ဖျာကနေ့စဉ်စကားပြောတယ်လို့ထင်မှတ်ပြီး...."အို"....."မျောက်ကြီး" လို့ အသံပြုလိုက်မိတယ်။ မျောက်ကြီးက

"အသင်ဘယ်သူလဲ" လို့မေးလိုက်တယ်။ မိချောင်းက.....

"မိချောင်းပါ" လို့ ဝန်ခံတယ်။ မျောက်ကြီးက....

"အသင်ဘာကြောင့် ကျောက်ဖျာပေါ်တွင် ဝပ်နေရသနည်း" လို့ မေးပြန်တယ်။ မိချောင်းက မိချောင်းမဟာ မျောက်ကြီးရဲ့အသည်းနှလုံးကိုစားချင်တဲ့ ချင်ခြင်းတက်နေတာမို့ မျောက်ကြီးကို စောင့်နေရခြင်းဖြစ်တယ်လို့ ပြောတယ်။

မျောက်ကြီးက....

"ငါသွားရမယ့် ခရီးလမ်းဟာ ဒီတစ်လမ်းသာရှိတယ်၊ မိချောင်းရဲ့အန္တရာယ်ကို ဉာဏ်သုံးပြီးရှောင်ကွင်းရမယ်" လို့တွေးပြီး....

"အသင်မိချောင်း၊ ငါ့ရဲ့အသည်းနှလုံးကို သင့်ကိုပေးပါ့မယ်။ ပါးစပ်ဟာပြီးနေပေးပါ။ သင့်ပါးစပ်အတွင်းသို့ ငါခုန်ဝင်မယ်" လို့ ပရိယာယ်ဆင်လိုက်တယ်။

မိချောင်းဆိုတာပါးစပ်ဟထားရင် မျက်လုံးသူ့အလိုလိုမှိတ်သွား

mgyoe.com

mgyoe.com


လေ့ရှိတယ်။ မိချောင်းက မျောက်ကြီးကိုလိုချင်တာကြောင့် ဘာမှမစဉ်းစားမိဘူး။ မျောက်ကြီးပြောတဲ့ အတိုင်းပါးစပ်ကြီးကိုအသာဟကန်ဟထားတဲ့အခါ မျက်လုံးနှစ်လုံးက မှိတ်နေတော့တယ်။

မျောက်ကြီးက ကျွန်းပေါ်ကအားယူပြီးခုန်တယ်။ မျောက်ကြီးဟာ ပါးစပ်ဟထားတဲ့ မိချောင်းရဲ့ခေါင်းကိုနင်းပြီး မြစ်တစ်ဖက်ကမ်းသို့ ရောက်သွားတယ်။ တစ်ဖက်ကမ်းရောက်သွားတဲ့ မျောက်ကြီးက...

"အသင်မိချောင်း အသင့်ရဲ့မယား မိချောင်းမကို ပြောလိုက်ပါ။ ငါက ဉာဏ်မရှိလို့ ဉာဏ်ရှိသူက ဉာဏ်သုံးပြီး ငါ့ကိုအောင်နိုင်မှု ရယူသွားတယ်လို့လေ....

မျောက်ကြီးက မြစ်ကမ်းပေါ်က မိချောင်းကိုအော်ပြောပြီး နေထိုင်ရာသို့ ပျော်ရွှင်စွာထွက်ခွာသွားလေတော့တယ်။ ။

❖

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## ခလုတ်ထိမှ အမိတ

ကလေးသူငယ်များသည် အဘိုးဦးဘသိန်းအား ရိုသေစွာကန်တော့ကြ၏။ အဘိုးဦးဘသိန်း၏မျက်နှာက ပြုံးရွှင်နေသည်။

"အဘိုးကိုသားတို့၊ သမီးတို့က ရိုသေလေးစားသလို သားတို့ သမီးတို့ရဲ့ ဘိုးဘွားမိဘ၊ ဦးဦးဒေါ်ဒေါ်၊ အစ်ကို၊ အစ်မတို့ကို ရိုသေလေးစားရမယ်။ မိဘဆိုတာ ဘုရားရှင်နဲ့ တစ်ဂိုဏ်းတည်းထားတာ မဟုတ်လား။ မိဘရိုသေအသက်ရှည်ဆိုတဲ့ ဆိုရိုးစကားရှိတယ်။ မိဘကို ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးနဲ့ ပြစ်မှားကျူးလွန်မိရင် ဆင်းရဲဒုက္ခတွေနဲ့ ကြုံတွေ့ရတတ်တယ်"

"မိဘကို ကိုယ်ထိလက်ရောက် ကျူးလွန်စော်ကားမိလို့ ဆင်းရဲဒုက္ခတွေနဲ့ ကြုံတွေ့ရတဲ့ 'မိတ္တဝိန္ဒက' အကြောင်းကို အဘိုးပုံပြင်လေးတစ်ပုဒ်သဖွယ် ပြောပြမယ်။ နားထောင်ကြနော်"

တစ်ခါတုန်းက ဗာရာဏသီပြည်မှာ ကုဋေ (၈၀) ကြွယ်ဝချမ်းသာတဲ့ သူဌေးလင်မယားတို့မှာ "မိတ္တဝိန္ဒက" ဆိုတဲ့ သားတစ်ယောက်ရှိ

mgyoe.com

mgyoe.com


တယ်။ မိတ္တဝိန္ဒကကတော့ တရားလည်းမသိ၊ သီလဆိုတာလည်း ဘာမှန်းမသိတဲ့လူတစ်ယောက်လို့ ဆိုရမယ်။

တစ်နေ့တော့ ဖခင်သူဌေးကြီးက သေဆုံးသွားတယ်။ မိခင်က မိတ္တဝိန္ဒကကို သီလဆောက်တည်ဖို့၊ အလှူအတန်းပေးဖို့ ဆုံးမတယ်။ မိတ္တဝိန္ဒကဟာ မိခင်ရဲ့စကားကိုနားမထောင်ဘူး။ ငြင်းဆန်တယ်။ ဘယ်အရာမှ မလုပ်လိုဘူးပေါ့။

မိခင်က.....

"ငါ့သား မိတ္တဝိန္ဒက၊ မနက်ဖြန် ဥပုသ်နေ့ဖြစ်ပေတယ်၊ ငါ့သား ကျောင်းမှာ ဥပုသ်စောင့်ပြီး တစ်ညလုံးနေပါ၊ မနက်ကျမှ အိမ်ကိုလာပါ၊ အဲသလို ဆောင်ရွက်ရင် အသပြာငွေတစ်ထောင်ပေးမယ်" လို့ ပြောတယ်။

မိတ္တဝိန္ဒကက အသပြာတစ်ထောင်ကိုလိုချင်တာကြောင့် ကျောင်းကို သွားပြီး ဥပုသ်စောင့်တယ်။ ကျောင်းမှာပဲတစ်ညလုံးအိပ်နေပြီး မနက်ကျတော့မှ အိမ်ကိုပြန်လာတယ်။

အိမ်ကိုပြန်ရောက်တော့ မိခင်က ဝမ်းသာအားရနဲ့ အစားအစာတွေကိုကျွေးတယ်။ မိတ္တဝိန္ဒကက....

"အသပြာတစ်ထောင်ပေးမှ စားမယ်"

ဆိုတာကြောင့် မိခင်က အသပြာတစ်ထောင်ပေးရတယ်။ မိတ္တဝိန္ဒကက မိခင်ကပေးတဲ့ အသပြာတစ်ထောင်ကို အရင်းပြုပြီး ကုန်ရောင်းကုန်ဝယ်ပြုလုပ်ရာ အမြတ်ငွေ (၁၂၀၀၀၀) ရတယ်။

အဲဒီအခါ မိတ္တဝိန္ဒကဟာ လောဘတက်ပြီး လှေနဲ့အတူကူးသန်းရောင်းဝယ်ရင် အမြတ်ငွေတွေအများကြီးရမှာပဲလို့ စိတ်ကူးမိပြီး သူ့အကြံအစည်ကိုမိခင်အား ဖွင့်ပြောတယ်။ မိခင်ကတစ်ဦးတည်းသော သားမို့ သမုဒ္ဒရာထဲကို လှေနဲ့ကုန်ကူးသွားမယ့်ကိစ္စကို စိတ်မချဘူး။ စိုးရိမ်စိတ်

mgyoe.com

mgyoe.com


တွေနဲ့ သားဖြစ်သူကို တားမြစ်တယ်။ "အမေတို့မှာ သင့် အဖေကျန်ခဲ့တဲ့ ပစ္စည်းတွေ အများကြီးရှိပါတယ်။ စားသောက်လို့ မကုန်နိုင်ပါဘူးကွယ်" လို့ ပြောတာပေါ့။

မိတ္တဝိန္ဒကက မိခင်စကားကို နားမထောင်ဘူး။ မိခင်ဖြစ်သူက သားဖြစ်သူရဲ့လက်ကို ဆွဲထားပြီးတားတယ်။ မိတ္တဝိန္ဒကက အတင်း ရုန်းကန်ပြီး မိခင်ကိုတွန်းထုတ်၊ သတ်ပုတ်၊ ကန်ကျောက်ပြီး သမုဒ္ဒရာ ထဲကို ကုန်ကူးသန်းရောင်းဝယ်ဖို့ ထွက်လာခဲ့တယ်။

သမုဒ္ဒရာရေပြင်ပေါ်သို့ရောက်ပြီး (၇) ရက် ပြည့်တဲ့နေ့မှာ လှေက ဆက်မသွားတော့ဘဲ ရေပြင်ပေါ်မှာ ရပ်တန့်နေတယ်။

လှေပေါ်မှာပါလာတဲ့သူတွေက.....

"လှေပေါ်မှာ ယုတ်မာတဲ့သူတွေ ပါလာလို့သာ လှေကရှေ့ဆက် မသွားတာ" ဆိုပြီး လှေသမားတို့ထုံးစံအတိုင်း မဲဖောက်ရာ မိတ္တဝိန္ဒက ပဲ သုံးကြိမ်သုံးခါလုံး မဲပေါက်တယ်။ အဲဒါကြောင့် လှေသမားတွေက မိတ္တဝိန္ဒကကို သစ်ဖောင်ပေါ်တင်ပြီး ရေမှာမျှောတာပေါ့။ အဲဒီအခါမှာ သစ်ဖောင်က ရေထဲမှာမျောပါသွားတယ်။

မိတ္တဝိန္ဒကဟာ သစ်ဖောင်ငယ်နဲ့ ရေစီးအတိုင်း မျောပါသွားပြီး ကျွန်းငယ်တစ်ခုပေါ်ကို ရောက်သွားတယ်။ အဲဒီကျွန်းပေါ်မှာ ပြိတ္တာမ တွေကရှိတယ်။ ပြိတ္တာမတွေဟာ (၇) ရက်နတ်စည်းစိမ်ခံရပြီး (၇) ရက် ဒုက္ခခံစားရတယ်။ မိတ္တဝိန္ဒက ပြိတ္တာမတွေကို မိန်းကလေးတွေ ထင်မှတ် ပြီး ပျော်စံနေတာပေါ့။ ပြိတ္တာမတွေက သူတို့ဒုက္ခခံရတဲ့အခါ မိတ္တဝိန္ဒက ကို ထားခဲ့တယ်။

မိတ္တဝိန္ဒက ကျွန်းပေါ်မှာထပ်သွားရင်း အခြားပြိတ္တာမတွေနဲ့တွေ့ပြီး ပျော်နေရှာတယ်။ မိတ္တဝိန္ဒကက ဒုက္ခတွေကို သုခထင်ပြီး ပျော်နေတာ ကိုး။

mgyoe.com

mgyoe.com


အဲသလိုနှင့် သွားလာနေလိုက်တာ အုတ်တံတိုင်းကာရံထားပြီး မြို့တံခါးလေးခုနဲ့ တန်ဆာဆင်ထားတဲ့ ငရဲပြည်ကို မိတ္တဝိန္ဒက မြို့ကြီးထင်ပြီး ဝင်လာခဲ့တယ်။

မိတ္တဝိန္ဒကဟာ မကောင်းမှုပြုလုပ်လို့ သင်တုန်းဓားစက်ကို ခေါင်းပေါ်မှာ ရွက်ထားရတဲ့ ငရဲမတစ်ယောက်ကိုတွေ့တယ်။

မိတ္တဝိန္ဒကရဲ့ မျက်စိထဲမှာတော့ သင်တုန်းဓားစက်ကို ပဒုမ္မာကြာပန်းကြီး ခေါင်းပေါ်မှာပန်ထားတယ်လို့မြင်တယ်။ ငရဲမရဲ့တစ်ကိုယ်လုံးမှာ ကြိုးတွေနဲ့ချည်နှောင်ထားခံရတာကို လှပတဲ့အဝတ်တန်ဆာ ဆင်မြန်းထားတယ်လို့မြင်တယ်။ ငရဲမခေါင်းက သွေးတွေယိုစီးကျနေတာကို စန္ဒကူးနံ့သာ လိမ်းကျံထားတယ်လို့မြင်တယ်။ ငရဲမကငိုကြွေးနေတာကို သီချင်းဆိုနေတာလို့ထင်တယ်။

မိတ္တဝိန္ဒက ငရဲမကို....

"သင့်ခေါင်းပေါ်မှာရွက်ထားတဲ့ ပဒုမ္မာကြာပန်းကို ငါ့ကိုပေးပါ" လို့တောင်းတယ်။

ငရဲမက....

"ငါ့ခေါင်းပေါ်မှာ ရွက်ထားတာဟာ ပဒုမ္မာကြာပန်းမဟုတ် သင်တုန်းဓားစက်ကြီးသာဖြစ်တယ်"လို့ပြောတာကို မိတ္တဝိန္ဒကက မယုံကြည်ဘူး။

"သင်က ငါ့ကိုမပေးချင်လို့ လိမ်ညာပြောနေတာမဟုတ်ဘူးလား" လို့ပြောတယ်။ အဲဒီအခါမှာ ငရဲမက....

"ငါ့ရဲ့ မကောင်းမှုကံကတော့ ကုန်ဆုံးသွားပြီထင်တယ်။ ထိုယောကျ်ားမှာ ငါကဲ့သို့ မိဘအားပြစ်မှားစော်ကားသူဖြစ်ရမယ်။ ငါခံစားနေရတဲ့ဒုက္ခတွေကို သူ့ကိုလက်ဆင့်ကမ်းဖို့အချိန်တန်ပြီ" လို့တွေးမိပြီး ငရဲမက သင်တုန်းဓားစက်ကို မိတ္တဝိန္ဒကထံသို့ လက်ဆင့်ကမ်းပေး

mgyoe.com

mgyoe.com


လိုက်တယ်။

သင်တုန်းစားစက်ဟာ မိတ္တဝိန္ဒကရဲ့ဦးခေါင်းပေါ်ကိုကျတာနဲ့ တစ်ပြိုင်နက် ပြင်းထန်တဲ့ဝေဒနာကို ခံစားလိုက်ရတယ်။ ခေါင်းတစ်ခုလုံးဟာ အထုအနှက်ခံရသလို နာကျင်နေတာပေါ့။ အဲဒီအခါကျတော့မှ မိတ္တဝိန္ဒကက.....

"သင်တုန်းစားစက်ကို သင်ပြန်ယူပါတော့" လို့ပြောတယ်။ ထိုအခါ ငရဲမကပျောက်သွားတယ်။

မိတ္တဝိန္ဒကက ငရဲသားမျိုးစုံကို လိုက်ကြည့်နေတဲ့ ရက္ခစိုးနတ်ကို တွေ့တဲ့အခါ....

"အရှင်၊ ဒီသင်တုန်းစားစက်ဟာ ကျွန်ုပ်ဦးခေါင်းကို ကွဲကြေလုမတတ် ကျိတ်နယ်နေပါတယ်။ အဘယ်သို့သော မကောင်းမှုကံကြောင့် ခံရပါသလဲ" လို့မေးကြည့်တယ်။ ရက္ခစိုးနတ်က....

"သင်က သင့်မိခင်ရဲ့ စကားကိုနားမထောင်ဘဲ မိခင်ကိုရိုက်ပုတ်ကန်ကျောက်ခဲ့တဲ့ မကောင်းမှုကံကြောင့် ခံရတာပဲ၊ အဲဒီ မကောင်းမှုကုသိုလ်ကံအကျိုးဆက် မကုန်မချင်း သင်ခံပေတော့" လို့ပြောတယ်။

မိတ္တဝိန္ဒကဟာ အော်ဟစ်ငိုကြွေးရှာလေတယ်။ မိခင်ကိုတမ်းတရှာတယ်။

ခလုတ်ထိမှ မိခင်ကို တမ်းတပေမဲ့ မရတော့ဘူး။ ကိုယ့်ရဲ့ မကောင်းမှုကံကို ကိုယ်သာခံပေတော့။

အဲဒါကြောင့် မိဘစကားကိုနားထောင်တဲ့ သားသမီးတွေဖြစ်အောင်၊ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံးနဲ့ မပြစ်မှားမစော်ကားမိအောင် လိမ္မာကြရမယ်။ ။

❖

mgyoe.com

mgyoe.com

# မိတ်ဆွေပေါင်း ရှောင်သောရှိ။



mgyoe.com

mgyoe.com

# မိတ်ဆွေယောင်ဆောင်သော ရန်သူ

ကလေးတို့ရေ.....

တစ်ခါတစ်ရံ ရန်သူဟာ မိတ်ဆွေယောင်ဆောင်ပြီး အန္တရာယ်ပေးဖို့ရောက်လာတတ်တယ်။ အဲဒီအခါ မိမိကသတိနဲ့ယှဉ်ပြီး ကာကွယ်တတ်ဖို့ပဲလိုပါတယ်။ ရန်သူရဲ့အရိပ်အခြေကို အကင်းပါးစွာ ကြည့်ရှုတတ်ဖို့လိုပါတယ်။ ပင်ကိုစိတ်ရင်းမဟုတ်ဘဲ စိတ်သဘောထား ကောင်းချင်ဟန်ဆောင်ပြီး မိမိကို အန္တရာယ်ပြုဖို့ လာရောက်ပေါင်းသင်းသူကို ရှေးလူကြီးသူမတွေက "မိတ်ဆွေယောင်ဆောင်သော ရန်သူ" လို့ သတ်မှတ်ကြတယ်။ နောင်လာနောင်သားတွေကို သာဓကတွေပြပြီး ဆုံးမတတ်ကြတယ်။ အဲဒီစကားပုံလေးကို ကလေးတို့ နားလည်သဘောပေါက်အောင် ပုံပြင်လေးတစ်ခုပြောပြမယ်။

ဟိုရှေးရှေးတုန်းက ကျောက်ဂူကြီးတစ်ခုအတွင်းမှာ မြေခွေးလင်

mgyoe.com

mgyoe.com


မယားနေထိုင်ကြတယ်။ သူတို့နှင့်မနီးမဝေးအရပ်မှာတော့ ဆိတ်တစ်အုပ်နေထိုင်ကြတယ်။ မြေခွေးက ဆိတ်တွေကို အမြဲဖမ်းဆီးစားသောက်နေတာကြောင့် ဆိတ်မတစ်ကောင်သာ ကျန်ရှိတော့တယ်။ တစ်နေ့တော့ မြေခွေးက တစ်ကောင်တည်းသာကျန်တဲ့ ဆိတ်မကို ထောင်ချောက်ဆင်ပြီး ကိုက်သတ်စားဖို့ အမြဲစဉ်းစားနေတယ်။ မြေခွေးထီးက မြေခွေးမကို....

"ရှင်မ၊ ငါက ကျောက်ဂူထဲမှာ သေချင်ဟန်ဆောင်နေမယ်။ ရှင်မက ဆိတ်မထံသို့သွားပြီး မိတ်ဆွေဖွဲ့ပါ။ ငါ့ထံသို့ ရောက်အောင်လိမ်ညာပြီးခေါ်လာခဲ့ပါ"

လို့ပြောတယ်။ မြေခွေးမက သူ့ယောက်ျားမှာကြားသည့်အတိုင်း ဆိတ်မထံသို့သွားတယ်။ မိတ်ဆွေဖွဲ့တယ်။

"အဆွေဆိတ်မရယ်၊ ကျွန်မယောက်ျားသေဆုံးသွားလို့ ကျွန်မမှာအားကိုးစရာမရှိတော့ပါဘူး၊ ကျွန်မယောက်ျားရဲ့ အသုဘကို သင်္ဂြိုဟ်ဖို့ ကျွန်မကိုလိုက်ပြီးကူညီပါဦး"

လို့ ယုံကြည်အောင် ဇာတ်ကွက်ဆင်ပြီး ငိုပြတယ်။

ဆိတ်မက....

"အသင်မြေခွေးမ၊ သင့်ယောက်ျား ကိုက်သတ်စားလို့ ငါ့ရဲ့ဆွေမျိုးတွေ သေကြေပျက်စီးကုန်ကြပြီ။ ငါတစ်ကောင်တည်းသာ ကျန်ပါတော့တယ်။ သင့်ရဲ့စကားကို ငါအယုံအကြည်မရှိ"

လို့ဆိုတယ်။ ထိုအခါ မြေခွေးမက....

"အဆွေဆိတ်မရယ်၊ သေဆုံးနေပြီဖြစ်တဲ့ ကျွန်မယောက်ျားက ရှင့်ကို ဘယ်လိုရန်ပြုနိုင်မှာလဲ၊ ဘာမှမကြောက်လန့်ပါနဲ့၊ ကျွန်မနောက်ကိုသာ ရဲဝံ့စွာလိုက်ခဲ့ပြီး ကျွန်မကိုကူညီပါ"

လို့တောင်းပန်စကားပြောတယ်။

mgyoe.com

mgyoe.com


အဲဒီအခါမှာတော့ ဆိတ်မက မြေခွေးမရဲ့ ယောက်ျားဟာ အမှန်တကယ် သေဆုံးသွားတယ်လို့ ထင်မှတ်သွားတယ်။ သို့ပေမဲ့ မယုံတစ်ဝက် ယုံတစ်ဝက်မို့ မြေခွေးမကို ရှေ့ကသွားခိုင်းပြီး သူကနောက်ကလိုက်လာတယ်။

ကျောက်ဂူရှိရာသို့ လျှောက်လာသံကြားတဲ့ မြေခွေးထီးက သူ့မိန်းမမြေခွေးမနဲ့အတူ ဆိတ်မ ပါလာ၊ မလာကို သိချင်တာကြောင့် လှဲအိပ်နေရာက ဂူအပြင်ဘက်သို့ ခေါင်းထောင်ပြီးကြည့်တယ်။ အဲဒါကိုမြေခွေးမနောက်က လိုက်ပါလာတဲ့ ဆိတ်မကမြင်တော့ မြေခွေးရဲ့ကောက်ကျစ်တဲ့အကြံအစည်ကို သိသွားတာမို့ ထွက်ပြေးသွားတယ်။

မြေခွေးမက ဆိတ်မနောက်လှည့်ပြီး ပြန်ပြေးသွားတာကြောင့်စိတ်ပျက်ပြီးမှိုင်တွေသွားတာပေါ့။ ကောက်ကျစ်စဉ်းလဲတဲ့ မြေခွေးထီးကတော့....

"ရှင်မ၊ မင်းကပြန်ထွက်ပြေးသွားတဲ့ ဆိတ်မကိုဒေါသဖြစ်နေတာလား။ အဲဒါဆို မင်းရှုံးနေတာပဲ"

လို့ပြောတယ်။ မြေခွေးမက....

"ကျွန်မမရှုံးဘူး၊ ကြည့်သင့်သောကာလ၊ မကြည့်သင့်သောကာလကိုမစဉ်းစားဘဲ သေချင်ဟန်ဆောင်နေပြီးမှ ခေါင်းထောင်ကြည့်တဲ့ရှင်သာရှုံးတာ" လို့ပြန်ပြောတယ်။

မြေခွေးထီးနဲ့မြေခွေးမတို့ဟာ စကားများကြတာပေါ့။ မြေခွေးထီးက သူမဆင်မခြင်ပြုမိမှားတာကြောင့် ပါးစပ်နားကို ရောက်လာတော့မယ့် အစာကို လက်လွှတ်ဆုံးရှုံးသွားရတာကိုတွေးပြီး သူ့ကိုယ်သူ မကျေမနပ်ဖြစ်နေမိတယ်။

မြေခွေးမက....

mgyoe.com

mgyoe.com


"အသင်မြေခွေး၊ ဘာမှမစိုးရိမ်ပါနဲ့။ ဆိတ်မကို ကျွန်မပရိယာယ်ဆင်ပြီး ရှင့်အနားကိုရောက်အောင်ခေါ်လာခဲ့ပါ့မယ်"

လို့ဆိုတယ်။

မြေခွေးမက ဆိတ်မဆီကိုပြန်သွားပါတယ်။

"အဆွေဆိတ်မ၊ အသင် ကျွန်မနောက်ကို လိုက်လာလို့ ကျွန်မယောက်ျား၊ အသက်ပြန်ရှင်လာတာပါ၊ အင်အားချည့်နဲ့နေသေးလို့ လမ်းတော့မလျှောက်နိုင်သေးပါဘူး၊ သူ့အသက်မသေတာကို ကျေးဇူးတင်လွန်းလို့ အဆွေဆိတ်မကို စားကောင်းသောက်ဖွယ်များနဲ့ ဧည့်ခံကျွေးမွေးချင်လို့ လာဖိတ်တာပါ"

လို့ မြေခွေးမကပြောတော့ ဆိတ်မက....

"ကောက်ကျစ်စဉ်းလဲတဲ့ မြေခွေးမကတော့ငါ့ကို ဉာဏ်များနေပြန်ပါပြီ။ ငါကလည်း ဉာဏ်သုံးပြီး သူတို့လင်မယားကိုရှောင်ကွင်းရမယ်"

လို့တွေးမိပြီး

"အသင်မြေခွေးမ၊ အသင့်ရဲ့ယောက်ျားအသက်ပြန်ရှင်လာတာသိရလို့ဝမ်းသာပါတယ်၊ ငါ့ကို သင်တို့လင်မယားဧည့်ခံကျွေးမွေးမယ်ဆိုတာ သိရတော့ ငါလာရမှာပေါ့၊ ငါတစ်ကောင်တည်းတော့မလာဘူး၊ ငါ့ရဲ့အပေါင်းအသင်းများစွာနဲ့ လာပြီးသင်တို့လင်မယားကျွေးမွေးတဲ့စားကောင်းသောက်ဖွယ်တွေကို အားရပါးရ စားချင်ပါတယ်။ စားကောင်းသောက်ဖွယ်တွေကို သွားပြီးပြင်ဆင်ထားပေဇတော့"

လို့ပြောလိုက်တယ်။

မြေခွေးမက....

"အဆွေဆိတ်မရဲ့ အပေါင်းအသင်းတွေက ဘယ်သူတွေလဲ" လို့မေးတယ်။ ဆိတ်မက....

mgyoe.com

mgyoe.com


"ငါ့မှာ အပေါင်းအသင်းမြွေခွေးလေးကောင်ရှိသေးတယ်။ အဲဒီလေးကောင်စီမှာ နောက်လိုက်အကောင် ငါးရာစီရှိတယ်။ မြွေခွေးအကောင် (၂၀၀၀) ခြံရံပြီး ငါလာခဲ့မယ်။ သင်တို့က ငါတို့ကို ဧည့်ခံတဲ့အစာ မလုံလောက်ရင် သင်တို့လင်မယားကို ကိုက်သတ်စားမယ်လို့ပြောတယ်"

ဆိတ်မစကားကိုကြားရတဲ့ မြွေခွေးမဟာ ကြောက်လန့်သွားတယ်။ အဲ့ဒါကြောင့် မြွေခွေးမက....

"အသင်ဆိတ်မ၊ သင် ကျွန်မတို့လင်မယားဆီကိုလာနေရင် ရှင့်အလုပ်အကိုင်တွေ ပျက်နေပါ့မယ်၊ သင် ကျွန်မယောက်ျားကို လူမမာသတင်းလာမေးကြောင်းပဲ ပြောလိုက်ပါ့မယ်၊ ပြန်ပါတော့မယ်"ဟု ဆိုပြီး ထွက်ပြေးသွားတယ်။ ဆိတ်မက အားရပါးရရယ်မောပြီး ကျန်ခဲ့ပါတယ်။

စိတ်ထားယုတ်မာပြီး သူတစ်ပါးကို ဒုက္ခရောက်အောင် လုပ်တတ်တဲ့ သူတွေဟာ တစ်ဖက်သားကို နှစ်သက်သဘောကျအောင် ပြောတတ်၊ ဆိုတတ်ကြတယ်။ အဲဒါကို သတိထားဆင်ခြင်ပြီး ပေါင်းသင်းတတ်ဖို့လိုတယ်။ ကလေးတို့မှတ်ထားရမယ်နော်။ ။

❖

mgyoe.com

mgyoe.com

# ကြွက်သေတစ်ခု
# အကျင်းပြ



mgyoe.com

mgyoe.com

## ကြွက်သေတစ်ခု အရင်းပြု

ရှေးလွန်လေပြီးသောအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး အုပ်ချုပ်စိုးစံတော်မူတယ်။ အဲဒီအခါတုန်းက 'စူဠသေဋ္ဌိ'အမည်ရတဲ့ သူဌေးတစ်ယောက်က ပညာလည်းရှိတယ်။ တတ်သိလိမ္မာတယ်။ နိမိတ်ဖတ်တဲ့အတတ်ပညာကိုလည်း တတ်ကျွမ်းတယ်။

တစ်နေ့မှာတော့ စူဠသေဋ္ဌိသူဌေးဟာ ဗြဟ္မဒတ်မင်းကြီးကြွချီတော်မူရာလမ်းမှာ ကြွက်သေတစ်ကောင်ကို တွေ့မြင်တယ်။

စူဠသေဋ္ဌိသူဌေးက နက္ခတ်ကိုတွက်ကြည့်တဲ့အခါ...

"ဒီကြွက်သေကို အရင်းပြုလို့ စီးပွားရှာရင် မည်သူမဆို အကျိုးဖြစ်ထွန်းမှာအမှန်ပဲ" လို့ နိမိတ်ဖတ်တယ်။

စူဠသေဋ္ဌိသူဌေး နိမိတ်ဖတ်နေတဲ့အသံကို စဉ်းစားဆင်ခြင်ဉာဏ်နဲ့ပြည့်စုံတဲ့ ဆင်းရဲသားတစ်ယောက်ကကြားတယ်။

mgyoe.com

mgyoe.com


"သူဌေးက ဒီနိမိတ်စကားကို အကြောင်းမဲ့တော့ ပြောနေတာ မဖြစ်နိုင်ဘူး" လို့ ဆင်းရဲသားကယူဆပြီး ကြွက်သေကို ဈေးသို့ယူလာတယ်။ ကြောင်စာအဖြစ် အော်ဟစ်ပြီးရောင်းတယ်။ တန်ဖိုးကတော့ တစ်ချဉ်ရွှေးတဲ့။ တစ်ချဉ်ရွှေးဆိုတာ စပါး ၄ လုံးစာရှိတဲ့ အခြင်အတွယ်နဲ့ ညီမျှတဲ့ တန်ဖိုးပေါ့။

ဆင်းရဲသားဟာ ကြွက်သေရောင်းရတဲ့ တစ်ချဉ်ရွှေးငွေနဲ့ တင်လဲကိုဝယ်တယ်။ ရေအိုးတစ်လုံးကိုရေထည့်တယ်။ ဈေးကို တောပန်းလာရောင်းတဲ့ဈေးသည်တွေကို တင်လဲတစ်ခွက်စီတိုက်တယ်။ ပန်းသည်တွေက အမောအပန်းပြေသွားတာမို့ ဆင်းရဲသားကို ပန်းတစ်ဆုပ်စီပေးကြတယ်။

ဆင်းရဲသားက ပန်းတွေရောင်းပြီး တင်လဲထပ်ဝယ်တယ်။ တင်လဲအိုးနဲ့ ရေအိုးကိုယူပြီး ပန်းခြံထဲကိုသွားတယ်။ ပန်းဥယျာဉ်ထဲက ပန်းခူးနေသူအားလုံးကို တိုက်ကျွေးတယ်။ ပန်းသည်တွေက သူတို့ဆွတ်ခူးပြီးသား ပန်းတွေထဲက တစ်ဝက်မျှသောပန်းတွေကို ဆင်းရဲသားကို ပေးတယ်။ ဆင်းရဲသားက ရောင်းစားတော့ အသပြာရှစ်ပြားရတယ်။

နောက်တစ်နေ့မှာ လေမိုးတွေပြင်းထန်စွာ ကျတာကြောင့် မင်းကြီးရဲ့ဥယျာဉ်တော်အတွင်းက ခြောက်သွေ့နေတဲ့အကိုင်းအခက်တွေဟာ ကျိုးကျကုန်တယ်။ အဲဒီအခါ ဆင်းရဲသားက ဥယျာဉ်မှူးဆီသို့သွားရောက်ပြီး "ဒီအကိုင်းအခက်အခြောက်တွေကို ကျွန်တော့်ကိုပေးရင် ဥယျာဉ်တော်တစ်ခုလုံး ရှင်းလင်းသွားအောင် ဆောင်ရွက်ပေးပါ့မယ်" လို့ပြောတယ်။

ဥယျာဉ်မှူးက ခွင့်ပြုသည့်အခါ ဆင်းရဲသားက ဥယျာဉ်တော်အနီးမှာ ဆော့ကစားနေတဲ့ကလေးငယ်တွေကိုခေါ်ပြီး တင်လဲကျွေးတယ်။ သစ်ကိုင်းခြောက်တွေကို ကူညီသယ်ခိုင်းတယ်။

mgyoe.com

mgyoe.com


အိုးလုပ်တဲ့လူတစ်ယောက်က ထင်းခြောက်တွေကို လာဝယ်တာကြောင့် ၁၆ အသပြာနဲ့ အရောင်းအဝယ်ဖြစ်သွားတယ်။

ဆင်းရဲသားဟာ ၂၄ အသပြာရရှိသည့်အခါ မြို့တံခါးအနီးမှာနေပြီး မြက်ရိတ်သမားတွေကို အပြန်လမ်းက ရေအိုးနှင့်ဆီးကြိုပြီး တိုက်ကျွေးတယ်။ မြက်ရိတ်သမားတွေက...

"မိတ်ဆွေ သင့်ရဲ့ကျေးဇူးကို ငါတို့တစ်သက်လုံး မမေ့ပါဘူး။ သင်အလိုရှိတဲ့အခါ ငါတို့ကိုပြောပါ။ ငါတို့အားလုံး သင့်ကိုပြန်လည်ကူညီပါ့မယ်" လို့ ကျေးဇူးတင်စကားပြောပြီး ကတိပေးကြတယ်။

ဆင်းရဲသားဟာ မြေပေါ်မှာစီးပွားရှာတဲ့ ကုန်သည်တွေ၊ ရေဖြင့်ထွက်ပြီး စီးပွားရှာတဲ့ကုန်သည်တွေကို မိတ်ဖွဲ့ပြီး ပေါင်းသင်းထားတယ်။

တစ်နေ့မှာ မြင်းကုန်သည်တစ်ယောက်က သူ့ထံသို့ မြင်းကောင်ရေ ၅၀၀ ရောက်လာလိမ့်မယ်လို့ ဆင်းရဲသားကိုပြောပြတယ်။

အဲဒီအခါမှာ ဆင်းရဲသားက မြက်ရိတ်သမားတွေဆီကိုသွားပြီး...

"ကျွန်ုပ်ကို မြက်တစ်စည်းစီပေးပါ။ ဒီမြက်တွေကို ငါမရောင်းရသေးမီ သင်တို့ရဲ့မြက်တွေကို မရောင်းပါနှင့်"လို့ မှာကြားထားတယ်။

မြက်ရိတ်သမားတွေက ဆင်းရဲသားကို မြက်အစည်း ၅၀၀ ရိတ်ပေးပြီး...

"ကောင်းပါပြီ" လို့ ဆိုကြတယ်။

မြင်းကုန်သည်မှာ မြင်းတွေရောက်လာတဲ့အခါ အခြားသူတွေထံက မြက်တွေမရတာကြောင့် ဆင်းရဲသားဆီက မြက်အစည်း ၅၀၀ ကို အသပြာ ၁၀၀၀ ပေးပြီးဝယ်ယူရတယ်။

ဘာမှမကြာလိုက်ပါဘူး ရေကုန်သည်တွေကလည်း လှေကြီးတစ်စင်း ရောက်လာလိမ့်မယ်လို့ ဆင်းရဲသားကိုပြောတယ်။ ဆင်းရဲသားက လှပခန့်ညားတဲ့ရထားတစ်စီးနဲ့ အခြွေအရံများငှားပြီး ရေဆိပ်

mgyoe.com

mgyoe.com


(သဘော်ာဆိပ်) ကိုလာတယ်။ လှေကြီးပေါ်က ကုန်ပစ္စည်းတွေကို နှုတ်ကတိနဲ့ ဝယ်ထားလိုက်တယ်။

အခြားကုန်သည်တွေက ကုန်ပစ္စည်းဝယ်ဖို့ သဘော်ာဆိပ်ကို ဆင်းလာကြတယ်။ အဲဒီအခါ ကုန်သည်တွေက ဆင်းရဲသားချုပ်ဝယ်ထားတဲ့ ကုန်ပစ္စည်းတွေကို တန်ဖိုးနှစ်ဆ၊ သုံးဆပေးပြီးဝယ်ရတယ်။

ဆင်းရဲသားဟာ အသပြာ ၂ သိန်း အမြတ်ရရှိလေတယ်။ ဆင်းရဲသားဟာ လေးလအတွင်းမှာ အသပြာ ၂ သိန်းရတာမို့...

"ကြွက်သေကို အရင်းအနှီးပြုတတ်ရင် ချမ်းသာမယ်" လို့ နိမိတ်ဖတ်ခဲ့တဲ့ စူဠသေဋ္ဌိသူဌေးထံသို့သွားပြီး ကျေးဇူးဆပ်တဲ့အနေနဲ့ အသပြာ ၁ သိန်းကို သွားရောက်ကန်တော့တယ်။

စူဠသေဋ္ဌိသူဌေးက ဆင်းရဲသားရဲ့ ရိုးသားပုံ၊ ဘာမဟုတ်တဲ့ ကြွက်သေကိုအရင်းပြုပြီး အသပြာ ၂ သိန်းရအောင် ဆောင်ရွက်တတ်ပုံကို နှစ်သက်မိတာကြောင့် သူ့သမီးနဲ့ လက်ထပ်ထိမ်းမြားပေးပြီး ပစ္စည်းဥစ္စာတို့ကိုပေးတယ်။

အဲဒီသူဌေးသေဆုံးသွားတော့ ဉာဏ်ရှိတဲ့ဆင်းရဲသားဟာ သူဌေးသမက်မှ သူဌေးကြီးဖြစ်သွားတယ်။

အဲဒါကြောင့် ကလေးတို့လည်း အရာရာကို သူ့နေရာနှင့်သူ အသုံးဝင်လာအောင် အသုံးချတတ်ရင် အကျိုးစီးပွားဖြစ်ထွန်းတတ်တယ်ဆိုတာ မှတ်သားနာယူစေချင်တယ်။

❖

mgyoe.com

mgyoe.com

ကျွဲနွားရှိမှ
ကျေးနွားကောင်းတတ်သည်



mgyoe.com

mgyoe.com

# ကျေးဇူးရှိမှ ကျေးဇူးကန်းတတ်သည်

မြန်မာစကားပုံတွေထဲမှာ "ကျေးဇူးရှိမှ ကျေးစွပ်သည် (ဝါ) ကျေးဇူးကန်းတတ်သည်" ဆိုတဲ့ စကားပုံရှိတယ်။ မိမိကို အခြားသူတစ်ဦးက ကျေးဇူးပြုဖူးရင် အဲဒီလူကို စိတ်နဲ့တောင် မပြစ်မှားကောင်းဘူး။

"တစ်လုပ်ထမင်း တစ်ရှုပ်ဟင်းကို၊ ဝမ်းတွင်လျှာနှူး၊ စားရဖူးမူ ထိုသသူအား ပြစ်မှားတစ်ရံ၊ မကြံအပ်ပေ" လို့ ပညာရှိတွေက ဆုံးမခဲ့ဖူးပါတယ်။

တချို့လူတွေက "စားပြီးနားမလည်" ဆိုတာလို ကျေးဇူးပြုခဲ့တဲ့ သူကို ကျေးဇူးကန်းတတ်ကြတယ်။ အဲဒီစကားပုံနဲ့ လိုက်လျောညီထွေ ရှိမယ့် ပုံပြင်လေးတစ်ပုဒ်ပြောပြမယ်။

တစ်ခါတုန်းက ဟိမပန္တာတောအတွင်းမှာ ကောင်းမြတ်သော ကြန်အင်လက္ခဏာနဲ့ ပြည့်စုံတဲ့ ဆင်ဖြူတော်တစ်ကောင်ရှိတယ်။ အဲဒီ

mgyoe.com

mgyoe.com


ဆင်ဖြူတော်ဟာ အကျင့်သီလနဲ့လည်းပြည့်စုံတယ်။ စိတ်ထားလည်း အလွန်ကောင်းတယ်။

တစ်နေ့တော့ မုဆိုးတစ်ယောက်ဟာ ဟိမဝန္တာတောအတွင်းမှာ မျက်စိလည်လမ်းမှားပြီး ဘယ်လိုပြန်ရမှန်းတောင်မသိတာကြောင့် အော်ဟစ်ငိုကြွေးနေရှာတယ်။ အဲဒီအခြင်းအရာကို မြင်တွေ့မိတဲ့ ဆင်ဖြူတော်က မုဆိုးကိုသနားလို့ ကယ်တင်ရန်အလို့ငှာ မုဆိုးအနားကို ချဉ်းကပ်လာတယ်။

မုဆိုးက ဆင်ကြီးကိုမြင်တော့ ပြေးတော့တာပေါ့။ အဲဒီအခါ ဆင်ဖြူတော်က ရပ်နေတယ်။ မုဆိုးကလည်း ရပ်နေတယ်။ ဆင်ဖြူတော်က မုဆိုးနားကို ဖြည်းဖြည်းချင်းတိုးလာတယ်။ မုဆိုးစဉ်းစားတယ်။

"ဆင်ကြီးက ငါပြေးရင်ရပ်နေတယ်။ ငါရပ်တော့ အနားကိုတိုးလာတယ်။ ငါ့ကို အန္တရာယ်မပြုနိုင်။ ငါ့ကို ကယ်တင်ချင်လို့ထင်တယ်" ဆိုပြီး မပြေးဘဲရပ်နေတယ်။

ဆင်ဖြူတော်က မုဆိုးနေထိုင်တဲ့အရပ်ဒေသကို မေးမြန်းတယ်။ မုဆိုးကပြောပြတော့ ဆင်ဖြူတော်က မုဆိုးနေတဲ့အရပ်ဒေသရှိရာကို ခေါ်သွားတယ်။ နှစ်ရက် သုံးရက် ဆင်ဖြူတော်က မုဆိုးကို သစ်သီးတွေ ရှာဖွေပြီးကျွေးမွေးတယ်။ ပြီးမှ ဆင်ဖြူတော်ဟာ မုဆိုးကိုကျောပေါ်တင်ပြီး မုဆိုးလာခဲ့တဲ့လမ်းကို ရောက်အောင်လိုက်ပို့ပေးတယ်။

မုဆိုးက ဆင်ဖြူတော်ရဲ့ကျောပြင်ပေါ်မှာ ထိုင်စီးရင်း မကောင်းတဲ့စိတ်ထားက ပေါ်လာတယ်။ နောက်တစ်ခါ ဆင်ဖြူတော်ရှိတဲ့နေရာကို အရောက်ပြန်လာနိုင်အောင် လမ်းမှာတွေ့တဲ့ သစ်ပင်ရဲ့ပင်စည်တွေကို ဓားနဲ့ခုတ်ပြီး လမ်းကိုမှတ်သားလာခဲ့တယ်။ လူတွေသွားလာတဲ့လမ်းကို တွေ့တဲ့အခါ ဆင်ဖြူတော်က မြေကြီးပေါ်ကိုဝပ်ပေးတယ်။

"မုဆိုး၊ ဒီလမ်းအတိုင်းသာသွားပေတော့။ ငါနေသည့်အရပ်ကို

mgyoe.com

mgyoe.com


လူတွေမေးသည်ဖြစ်စေ၊ မမေးသည်ဖြစ်စေ သင်မပြောပါနှင့်" လို့ ဆင်ဖြူတော်က မှာကြားပြီး တောထဲကို ပြန်သွားတယ်။

မုဆိုးက ဆင်ဖြူတော်ပြောတဲ့အတိုင်းသွားတော့ သူ့အိမ်ကိုပြန်ရောက်သွားတာပေါ့။ မုဆိုးက ဆင်ဖြူတော်ကို သတိတရရှိနေတယ်။ ဆင်စွယ်ကို အလုပ်တန်ဆာတွေလုပ်ရောင်းတဲ့သူဆီကို မုဆိုးကသွားတယ်။

မုဆိုးက ဆိုင်ပိုင်ရှင်ကို...

"သေသွားတဲ့ဆင်ရဲ့အစွယ်နဲ့ အသက်ရှင်တဲ့ဆင်ရဲ့အစွယ် ဘယ်အရာက တန်ဖိုးရှိပါသလဲ" လို့မေးတယ်။

ဆင်စွယ်ဝယ်တဲ့သူတွေက...

"အသက်ရှင်နေတဲ့ ဆင်ရဲ့အစွယ်က တန်ဖိုးရှိတာပေါ့" လို့ဖြေတော့ မုဆိုးကလွှကိုယူပြီး ဆင်ဖြူတော်ရှိတဲ့ တောအတွင်းထဲကိုသွားတယ်။

ဆင်ဖြူတော်ရှိတဲ့နေရာ ရောက်သွားတော့ မုဆိုးက...

"ဆင်ဖြူတော်ကြီး၊ ကျွန်တော်ဟာ အလွန်ဆင်းရဲလှပါတယ်။ အဲဒါကြောင့် သင့်ရဲ့အစွယ်အဖျားပိုင်းကို ရောင်းချပြီး အသက်မွေးဝမ်းကျောင်း ပြုချင်လို့ပေးပါ" လို့ပြောတယ်။

ဆင်ဖြူတော်က စိတ်ထားကောင်းသူဆိုတော့ မုဆိုးကိုသနားပြီး ဦးခေါင်းကိုညွှတ်ပေးရှာတယ်။ မုဆိုးက ဆင်စွယ်ကိုရောင်းချပြီး စားသောက်တယ်။

အဲဒီငွေကုန်သွားတော့ ဆင်ဖြူတော်ဆီကို သွားပြန်တယ်။ ဆင်စွယ်အလယ်ပိုင်းကို ဆင်ဖြူတော်ဆီက အသနားခံပြီးတောင်းပြန်တယ်။ စိတ်ထားကောင်းတဲ့ ဆင်ဖြူတော်ဟာ ပေးပြန်တယ်။ မုဆိုးက လွှနဲ့ ဖြတ်ယူတာပေါ့။ မုဆိုးဟာ ဆင်စွယ်ကိုရောင်းရငွေနဲ့ စားသောက်နေပြန်တယ်။

အဲဒီငွေကုန်သွားတော့ ဆင်ဖြူတော်ဆီကို သွားပြန်တယ်။ ဆင်စွယ်

mgyoe.com

ရဲ့ အရင်းပိုင်းကိုတောင်းခံပြန်တယ်။

တကယ်တော့ ဆင်စွယ်ဆိုတာ ဆင်တွေရဲ့သွားတွေပဲဖြစ်တယ်။ လူတွေနဲ့ ဥပမာထားပြီး ပြောရမယ်ဆိုရင် အံဆုံးသွားတွေပေါ့။

မုဆိုးက ဆင်ဖြူတော်ရဲ့ အစွယ်အရင်းကအသားတွေကိုလှန်ပြီး အစွယ်ကို မညှာမတာ လွှနဲ့တိုက်ဖြတ်ယူတယ်။ ဆင်ဖြူတော်ခမျာ ပါးစပ်ထဲက သွေးတွေစီးကျလို့ နာကျင်တဲ့ဝေဒနာကို ပြင်းထန်စွာ ခံစားရတာပေါ့။

မုဆိုးက ကိုယ်ငွေရဖို့သာကြည့်တဲ့ အတ္တသမားပဲ။ ကိုယ်ချင်း မစာနာတတ်ဘူး။ မိမိသေမယ့်ဘေးက ကယ်တင်ကျွေးမွေးပြီး လမ်းညွှန်ပြသပေးတဲ့ ကျေးဇူးရှင်ကို ကျေးဇူးကန်းတာကြောင့် အဲဒီမုဆိုးဟာ အနူဘဝရောက်သွားရတယ်။ သည့်နောက် မုဆိုးဟာ ဆင်စွယ်အရင်းပိုင်းကို ထမ်းပြီး နေရပ်သို့ပြန်လာရာ လမ်းခရီးမှာ မြေမျိုခံရတယ်။

ကျေးဇူးရှင်ကို မသိတတ်၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်တဲ့သူတွေဟာ ဘယ်လောက်ပေးပေး ဘယ်လောက်ကျွေးကျွေး အားရ ကျေနပ်တယ်ရယ်လို့မရှိဘဲ တစ်ချိန်ချိန်မှာ ကျေးဇူးရှင်အပေါ် ဒုက္ခပေးတတ်တယ် ဆိုတာကို ကလေးတို့ သင်ခန်းစာယူစေချင်တယ်။

❖

mgyoe.com